အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည်

ထိုင်ဝိုင်းတစ်ခုသို့ ရောက်သွားသောအခါ စလာမ်ဆိုပါ။ထိုင်ဝိုင်းမှထလိုသောအခါ စလာမ်ဆိုပါ။

ပထမဆိုလိုက်သောစလာမ်သည် ဒုတိယစလာမ်ထက် ပို၍မသာမြတ်ပါ။ (၎င်းစလာမ်နှစ်မျိုးစလုံးသည် အတူတူပင်ဖြစ်သည်။)

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည
်။ အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ထိုင်ဝိုင်းတစ်ခုသို့ ရောက်သွားသောအခါ
စလာမ်ဆိုပါ။ ထိုင်ဝိုင်းမှထလိုသောအခါ စလာမ်ဆိုပါ။ ပထမဆိုလိုက်သောစလာမ်သည်
ဒုတိယစလာမ်ထက် ပို၍မသာမြတ်ပါ။ (၎င်းစလာမ်နှစ်မျိုးစလုံးသည် အတူတူပင်ဖြစ်သည်။)
[حسن] [رواه أبو داود والترمذي والنسائي في الكبرى وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လူတို့ထိုင်နေရာနေရာသို့ရောက်ရှိလာသူအား ထိုသူများအား ဦးစွာစလာမ်ပေးရန် လမ်းညွှန်ထား သည်။ ထို့ပြင်ထိုနေရာမှ ထွက်ခွာလိုပါက ကျန်ရှိသူများအား စလာမ်ပေး၍ နှုတ်ဆက်ရန်လည်းမိန့်ကြားထားသည်။ အကြောင်းမှာ လာရောက်စဉ်က စလာမ်ပေးခြင်းသည် ထွက်ခွာချိန်၌စလာမ်ပေးခြင်းထက်ပိုမိုအခွင့်ထူးခံထိုက်သောအခွင့်အရေးရှိသည်မဟုတ်ပေ။

https://sunnah.global/hadeeth/my/show/3173